## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

## ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ *

## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၇/၉၈)

၁၃၅၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၀ ရက်

(၁၉၉၈ ခုနှစ်၊ ဧပြီလ ၆ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

၁။ ဤဥပဒေကို **၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်-

၂။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်။

(က) "ပြည့်တန်ဆာအိမ်" ဆိုသည်မှာ ပြည့်တန်ဆာကိစ္စအလို့ငှာ အသုံးပြုမြဲဖြစ်သည့် သို့မဟုတ် လုပ်ငန်းတစ်ခုခုကို အကြောင်းပြု၍ ပြည့်တန်ဆာကိစ္စအလို့ငှာအသုံးပြုသည့် အိမ်၊ အဆောက်အအုံ၊ အခန်း၊ ယာဉ်တစ်မျိုးမျိုး သို့မဟုတ် နေရာကို ဆိုလိုသည်။ ယင်းစကားရပ်တွင် ၎င်းတို့၏ အစိတ်အပိုင်းလည်း ပါဝင်သည်။

၃။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(၁) တွင် ပါရှိသော "တစ်နှစ်အောက်မနည်း သုံးနှစ်ထက်မပိုသည့် ထောင်ဒဏ် စီရင်နိုင်စေရမည်" ဆိုသည့်

---

* ပြည်ထောင်စုမြန်မာနိုင်ငံတော်ပြန်တမ်းအပိုင်း ၁၊ အမှတ် ၁၉၊ အတွဲ ၅၁၊ ၁၉၉၈ ခုနှစ်၊ ဧပြီလ (၆)ရက်၊ စာမျက်နှာ ၂၉၀။

စကားရပ်ကို "တစ်နှစ်ထက်မနည်း ငါးနှစ်ထက်မပိုသည့် ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပုဒ်မ ၈ တွင် ပါရှိသော "သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်နိုင်စေရမည်" ဆိုသည့် စကားရပ်ကို "တစ်နှစ်ထက်မနည်း ငါးနှစ်ထက်မပိုသည့် ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ)
သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ